# ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးမှာ

# အမျိုးသားရေးတာဝန် ဖြစ်သည်

နိုင်ငံရေး လုပ်ခွင့်ရှိသယောင်ယောင် ဟန်ပြနိုင်ငံများတွင် ဘုန်းကြီး နိုင်ငံရေး မလုပ်ရ၊ အစိုးရဝန်ထမ်း နိုင်ငံရေး မလုပ်ရ၊ ကျောင်းသား နိုင်ငံရေး မလုပ်ရ၊ စစ်တပ်မှဖြစ်လျှင် နိုင်ငံရေး မလုပ်ရ စသဖြင့် ကန့်သတ်ထားတတ်ကြသည်။ အာဏာပိုင်စိုးမှု ထိခိုက်မည်ကို စိုးရိမ်ပူပန်နေသူတို့က နိုင်ငံရေးအဓိပ္ပာယ်ကို ကိုယ်လိုရာဆွဲတွေးပြီး အခြားသူများ နိုင်ငံရေး မလုပ်နိုင်အောင် ဟန့်တား ပြောဆိုနေကြခြင်းသာ ဖြစ်သည်။ အမှန်စင်စစ် လူတိုင်းလူတိုင်း နိုင်ငံရေးလုပ်ခွင့် ရှိသည်။

နိုင်ငံရေး (၃) မျိုးရှိသည်။ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး (Global politics)၊ အမျိုးသား နိုင်ငံရေး (National politics)နှင့် ပါတီနိုင်ငံရေး (Party politics)တို့ဖြစ်သည်။ မည်သည့် နိုင်ငံရေးအမျိုးအစား ဖြစ်စေကာမူ တူညီနေသည့်အချက်မှာ အများကောင်းစားရေးအတွက် ဦးတည်လုပ်ဆောင်ရသည်။ သို့တည်းမဟုတ် အများကောင်းစားရေးကို လုပ်ဆောင်ပေးနိုင်စွမ်းရှိသော တဦး-တဖွဲ့အား ကူညီပံ့ပိုးရန်အတွက် ရည်မှန်းလုပ်ဆောင်ရသည်။

ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးတွင် လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများ၊ နိုင်ငံများ၊ ထင်ရှားသည့်ပုဂ္ဂိုလ်များ ရှိကြသည်။ အဖွဲ့အစည်းအနေဖြင့် အထင်ရှားဆုံး နမူနာပြရလျှင် ကမ္ဘာ့ကုလသမဂ္ဂ ဖြစ်သည်။ ကမ္ဘာ့ပြည်သူများ၊ နိုင်ငံများတွင် ကျရောက်လာသည့် ရောဂါဆိုးများ၊ သဘာဝဘေးအန္တရာယ်များမှ လုံခြုံစိတ်ချရရေး၊ ငြိမ်းချမ်းရေး၊ တိုးတက်ဖွံ့ဖြိုးရေးတို့ကို အဓိက လုပ်ဆောင်ရသည်။ တဖန် နိုင်ငံအစိုးရထက် ပြည်သူတို့အား ပိုမိုဦးစားပေးရသည်။

ကမ္ဘာ့ကုလသမဂ္ဂမှ မဖြေရှင်းပေးနိုင်သေးသည့်အခါ စေတနာရှင် နိုင်ငံများက အခြားနိုင်ငံများ၏နိုင်ငံရေးပြဿနာများကို ဝင်ရောက်ကူညီပေးကြသည်။ ဥပမာ-ဂျပန်နိုင်ငံမှ ဖွံ့ဖြိုးဆဲ အခြားနိုင်ငံများသို့ ODA ထောက်ပံ့ကူညီပေးခြင်းမျိုး ဖြစ်သည်။ ထင်ရှားသူတို့ကလည်း ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးတွင် ပါဝင်ကြသည်။ ဥပမာ-ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘဲလ်ဆုရသူများ၊ ကမ္ဘာ့ခေါင်းဆောင်ဟောင်းများ၊ နာမည်ကြီး အနုပညာရှင်များက ဝိုင်းဝန်းထောက်ပံ့ အားပေး ကူညီတတ်ကြသည်။

အမျိုးသားနိုင်ငံရေးမှာ နိုင်ငံတခုအတွင်း ဘေးအန္တရာယ် ကျရောက်လာသောအခါ၊ ပြည်သူတို့ ဒုက္ခရောက်ကြသောအခါ၊ နိုင်ငံတခုလုံး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သောအခါများတွင် ထိုက်သင့်သလို ပါဝင်ကူညီပံ့ပိုးပေးကြခြင်း ဖြစ်သည်။ လက်ရှိအားဖြင့် မိမိထမ်းဆောင်နေသော တာဝန်ဝတ္တရားများထက် နိုင်ငံနှင့် ပြည်သူတို့အတွက် အမှန်တကယ် လိုအပ်နေသောကိစ္စများအား ပိုမို ဦးစားပေး ပါဝင်ကြသည့် နိုင်ငံရေးအမျိုးအစား ဖြစ်သည်။

ဥပမာ- အိမ်ထောင်ရှင်မတဦးသည် မည်သည့် နိုင်ငံရေးပါတီဝင်မှ မဟုတ်စေကာမူ၊ အစိုးရ၏ မည်သည့်တာဝန်ကိုမျှ မထမ်းဆောင်စေကာမူ အများပြည်သူတို့ ဒုက္ခရောက်နေချိန်မျိုးတွင် ရေတဗူး၊ ထမင်းတထုပ် လှူဒါန်းလိုက်ခြင်းဖြင့် အမျိုးသားနိုင်ငံရေး တာဝန်ကို အုတ်တချပ်၊ သဲတပွင့်အဖြစ် တနိုင်တပိုင် ထမ်းဆောင်လိုက်ခြင်းမျိုး ဖြစ်သည်။

ထိုနည်းတူ ပညာရေးဆိုင်ရာဘက်တွင် တာဝန်ယူထားသော အစိုးရဝန်ထမ်းတဦးသည်လည်း တိုင်းပြည်ကျူးကျော်ခံရသော အခြေအနေမျိုးတွင် မိမိတာဝန်ထက် လက်ငင်းရင်ဆိုင်နေရသည့် အမျိုးသားရေးပြဿနာကို ပါဝင်ပံ့ပိုးကူညီဖြေရှင်းရန် အလိုလို တာဝန်ရှိသွားသည်။ စစ်တပ်မှ စစ်သည်တို့သည်လည်း ကျူးကျော်စစ်ကို ခုခံကာကွယ်ရသည့် တာဝန်များ မရှိချိန်၊ ကပ်ရောဂါ-ကပ်ဘေးများ ကျရောက်လာပါက ဝင်ရောက်ကူညီပေးကြရသည်။ ရွေးကောက်ပွဲကို သမာသမတ်ဖြစ်အောင် ထိန်းသိမ်းပေးရသည်။ ဤသည်တို့မှာ စစ်တပ်က အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်သည်။

နိုင်ငံရေးပါတီတခုတွင် တာဝန်ထမ်းဆောင်နေသူသည်လည်း ထို့အတူပင်။ နိုင်ငံရေးပါတီဝင်တဦးအဖို့ နိုင်ငံတခုလုံးအတွက် အလွန်အမင်း အရေးကြီးနေသည့် ပြဿနာမျိုးထက် ပို၍အလေးအနက် တာဝန်ယူစရာရှိမည် မဟုတ်ပေ။

ပါတီနိုင်ငံရေး အမျိုးအစားမှာ တိုင်းပြည်အေးချမ်းသောကာလများတွင် ရွေးကောက်ပွဲ၌ မိမိပါတီမှ သမာသမတ်ကျစွာ အနိုင်ရရှိရေး၊ ရွေးချယ်တင်မြှောက်ခံရပါက လူအများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်လျက် အစိုးရတာဝန်များကို

အရည်အချင်း ပြည့်ပြည့် တာဝန်ကျေကျေ၊ ဂုဏ်သိက္ခာရှိရှိ ထမ်းဆောင်ရေးတို့ကို ဦးစားပေး လုပ်ဆောင်ရသည်။ ထို့ပြင် အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း အမျိုးသားရေးတာဝန်ကို မျက်ခြေမပြတ်စေပဲ နိုင်ငံသားတဦး၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးနိုင်ရန် အသင့်ရှိနေရသည်။ အခြားသူများ၊ အခြားနိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များနှင့် မည်သို့ပင် မတူကွဲပြားနေစေကာမူ အမျိုးသားရေးအတွက် လိုအပ်သည့်အခါတိုင်း အများနှင့်ပူးပေါင်း ဆောင်ရွက်ပေးရသည်။

သို့ကြောင့်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟု အမည်ရှိသည့် နိုင်ငံရေးပါတီ၏ အထွေထွေအတွင်းရေးမှူး ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က "ပါတီအကျိုးထက် နိုင်ငံအကျိုးကို ပိုမို ဦးစားပေး တာဝန်ယူကြဖို့" တိုက်တွန်းထားသည်မှာ အလွန် မှတ်သားလိုက်နာဖွယ်ရာ ဖြစ်သည်။

သူ့ဖခင် ဗိုလ်ချုပ်အောင်ဆန်းမှာ သူ့ကျွန်မခံသည့် အမျိုးသားရေးစိတ်ဓါတ်ဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် ဦးဆောင် ကြိုးပမ်းပေးနိုင်သကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်မှာလည်း တမျိုးသားလုံး တန်းတူညီစွာ လွတ်လပ်စွာဖြင့် လူ့အခွင့်အရေးများ အပြည့်အဝအာမခံနိုင်မည့် ဒီမိုကရေစီရရှိရေးကို ဦးဆောင်ကြိုးပမ်းလျက်ရှိသူဖြစ်သည်။ အမျိုးသားရေး အမြင် ထက်သန်သည့်အပြင် ဒီမိုကရေစီရရှိရေးအတွက် မီးရှူးတန်ဆောင်လည်း ဖြစ်နေပြန်၍ သူ့ပါတီကသာမက တနိုင်ငံလုံး၊ တကမ္ဘာလုံးကပင် ချစ်ခင်လေးစားအားကိုးရသည့် လူထုခေါင်းဆောင် ပီသသူဟု ဆိုရလျှင် လွန်အံ့မထင်လှပါ။

ဤမျှအဖိုးထိုက်တန်လှသော အမျိုးသားခေါင်းဆောင်ကြီးတဦးက လက်ရှိအာဏာပိုင်များ၏ စွဲချက်တခုဖြင့် အဖမ်းခံနေရခြင်းမှာ မည်သို့မျှ မဖြစ်သင့်သောကိစ္စ ဖြစ်နေတော့သည်။ တဖန် တိုင်းပြည်အတွက် အလွန်အမင်း အားကိုးထိုက်သည့် ခေါင်းဆောင်တဦးက တိုင်းရေးပြည်ရာများတွင် မည်သို့မျှ ပါဝင် မလုပ်ဆောင်ပေးနိုင်ပဲ ဖမ်းဆီးခံနေရသည်မှာ တိုင်းပြည်အတွက် မလိုလားအပ်သော ဆုံးရှုံးမှုကြီး ဖြစ်လျက်ရှိသည်။

ဒေါ်အောင်ဆန်းစုကြည် အဖမ်းခံနေရခြင်းအပေါ် မြန်မာပြည်သူများကဲ့သို့ နိုင်ငံတကာတိုင်းပြည်များရှိ သန်းပေါင်းများစွာသော ကမ္ဘာ့ပြည်သူတို့ကလည်း ခံပြင်းဒေါသထွက်နေကြသည်။ ဖမ်းဆီးထားခြင်းမှာ မတရားသောလုပ်ရပ်ဖြစ်ပြီး ဒီမိုကရေစီ ရရှိရေးအတွက် အဟန့်အတားဖြစ်စေသည်ဟု တသဘောတည်း ရှုမြင်ကြသည်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် နိုင်ငံတကာပြည်သူတို့သည် မြန်မာနိုင်ငံသားများ မဟုတ်စေကာမူ သူတို့တတ်နိုင်သည့်ဘက်မှ နေ၍ နည်းမျိုးစုံဖြင့် အားကြိုးမာန်တက် လုပ်ဆောင်နေကြသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ကြေညာချက်ထုတ်၍ တောင်းဆိုသည်။ အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံအလိုက်၊ ခေါင်းဆောင်အလိုက်၊ လူပုဂ္ဂိုလ် တဦးချင်း အလိုက် တောင်းဆိုချက်များမှာ နေ့စဉ်နှင့်အမျှ မပြတ်တမ်း ရှိနေသည်။ တောင်းဆိုသံများမှာ ပို၍ ကျယ်လောင် ပြင်းထန်လာနေသည်။ တနည်းအားဖြင့် သူတို့သည် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးဖြင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးကို ဝိုင်းဝန်းကူညီပံ့ပိုးနေကြခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တမြေတည်းနေ တရေတည်းသောက်လာခဲ့ကြသော ကျွန်ုပ်တို့ မြန်မာနိုင်ငံသားတို့တွင်လည်း အမျိုးသားရေးတာဝန်အဖြစ် ခံယူကြရဖို့ ရှိနေပြီ ဖြစ်သည်။ အာဏာရှင်စနစ်၏ လူမဆန်သော ရက်စက်ကြမ်းကြုတ်မှု အောက်၌ ထိုတာဝန်မျိုး ယူနိုင်ရေးမှာ အသက်စွန့်၍  လှုပ်ရှားရမည့် အဆင့်တိုင်အောင်လည်း ဖြစ်သွားနိုင်စရာရှိသည်။ ထိုမျှလောက် မဟုတ်စေကာမူ အတိုင်းအတာတခုထိ ရင်းနှီးပေးဆပ်ရဖို့လည်း ရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ အမျိုးသားရေးတာဝန်တရပ်ကို ဂုဏ်ယူစွာ ထမ်းဆောင်နိုင်မည့် အရှားပါးဆုံး အခွင့်ကောင်းကြီးတခု ဖြစ်လာချေပြီ။

ဒေါ်အောင်ဆန်းစုကြည်အား လေးစားမြတ်နိုး အားကိုးလျှင်၊ (သို့တည်းမဟုတ်) ပုဂ္ဂိုလ်ရေးရာအရ လေးစားမြတ်နိုး အားမကိုးသည့်တိုင်အောင် ဒီမိုကရေစီအပေါ် ယုံကြည်အားကိုး မျှော်လင့်ထားလျှင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည် လွတ်မြောက်လာရေးကို မြန်မာနိုင်ငံသားတိုင်းက အမျိုးသားနိုင်ငံရေးတရပ်အဖြစ် တာဝန်ခံယူလျက် အုတ်တချပ်၊ သဲတပွင့်ပမာ မိမိတို့တတ်နိုင်သည့်ဘက်မှနေ၍ ဝိုင်းဝန်းအားဖြည့်ကြရန် Burma Digest မှ အလေးအနက် တိုက်တွန်း လိုက်ရပေသည်။

လွင်အောင်စိုး (ဂျပန်)   ၂၀၀၉ ဇွန်လ (၅)ရက်